ဥဒရိယံ–စားသည့်အစာ ဆင်းစုံသာတည်း **လျှော့စွာဖွဲ့**တုပ် ဆန်ထုပ်မယွင်း စာအိမ်တွင်း၌ **စားလိုက်သမျှ** လုံးဝ စုလျက် ခွေးစားခွက်ဝယ် ထွေးဟက်စွန့်လတ် ခွေး အန်ဖတ်အတူ အစာသစ် **အစု**သည်။ အတ္တိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ် ဘွယ်သာ ထင်ရှားရှိပါသည်တကား။

---

**အစာသစ်။** ။ရေလဲ အဝတ် တထည်ကို လူ ၂-ယောက် တဘက်စီကိုင်၍ ညှစ်သောအခါ အလယ်၌ ဖောင်းနေသော အဝတ်စီပေါင်းကဲ့သို့ ဖောင်းနေသောအူမကို "ဥဒရ=ဝမ်းအိမ်၊ ဝါ-**အစာ**အိမ်"ဟု ခေါ်၏၊ **ထို**အ**စာ**အိမ်၏ အတွင်းဘက်သည် ပုပ်ပွနေသော ပိန်းနဲ့သီးခွံ**၏** အတွင်းသား နှင့် တူ၏၊ အပြင်ဘက်ကား ညက်ညော ချောမော၏၊ (ယခု **ကာ**လ နွားဆိတ်တို့၏ ဝမ်းတွင်းသားမျိုးပင်တည်း၊) ထို အစာအိမ်၌ ၃၂-မျိုးသော ပိုးကောင်ကလေးများလည်း ရှိကြသတတ်။

စားသမျှ **အစာသည် ထို**အစာသစ်အိမ်၌ ကျရောက်ရ၏၊ **စား**အပ်သော အစာအတိုင်း အဆင်းအမျိုးစုံ ရှိ၏၊ ပုဝါ ရေစစ်အတွင်း၌ **ဆန်ကို** ခပ်လျော့လျော့ **ထုပ်ထားသော ဆန်** များတည်နေပုံကဲ့သို့ **ထိုအစာသစ်**များ**သည်** အ**စာ**အိမ်အတွင်း ၌ **တည်**နေကြ**၏**၊ သွားဖြင့် ကြိတ်ခြေ၍ မျိုအပ်သောကြောင့် **ထိုအစာသစ်**များ ကြေမွနေရကား **ခွေး**အန်ဖတ်နှင့် တူပုံကို လည်း **သိနိုင်၏**၊ **ထို**အစာသစ်များကို ငါးပုံပုံ၍ တပုံသည် ပြခဲ့